
Dear Loser
ဟန်မှူရာသွေး
31.7.20

## ၁။ ဖြူစင်သော

မကြီးလွန်း မကျယ်လွန်းတဲ့ ရပ်ကွက်လေးတစ်ခု ... လူချမ်းသာ အသိုင်းအဝိုင်းကြီးပဲ ရှိသည် မဟုတ် သာမာန်လူလတ်တန်းစားရော သူဆင်းရဲရော ရှိနေသည့်နေရာ ချမ်းသာသူမှာ လဲ သူ့ခြံသူဝန်းနဲ့ လူလတ်တန်းစာ အိမ်လေးတွေအချို့ကလည်း သူ့အိမ်ခြံဝန်းလေးနဲ့ သူဆင်းရဲသူတို့ မှာ လဲ သူ့အိမ်လေးနှင့်သူ နေနေကြသည် ။

ပွဲတော်ရက်များ တွင် လူစည်ကားသလို ပျော်ရွှင်စရာလည်း ကောင်းလှသည် ။ ကျန်အချိန်များ တွင် အေးချမ်းစွာ နေကြသည် ။ ထိုရပ်ကွက်လေးသို့ လူချမ်းသာမိသားစုတစ်ခု ရောက်လာခဲ့လေသည် ။

"ကဲဘယ်လိုလဲ ကိုယ်ရွေးထားတဲ့ ရပ်ကွက်လေးနဲ့ အိမ်လေးက ကိုယ်တို့ မိသားစုအတွက် အဆင်ပြေရဲ့ လား"

"ပြေလောက်မှာ ပါ အကိုရယ် ရပ်ကွက်လေးက အဆိုးကြီးမှာလည်း မပါသလို လူချမ်းသာတွေ စုပြီးနေတဲ့ ရပ်ကွက်လိုလည်း တိတ်ဆိတ် မနေဘူးလေ"

"ကဲ မင်းမေမေကတော့ အဆင်ပြေပြီးသား မင်းကရော ..."

မွေးရပ်မြေ ပြင်ဦးလွင်မှ ပြောင်းလာခဲ့ရတဲ့ ရဲသီဟနိုင်အတွက် အပေါင်းသင်းနဲ့ ခွဲရသည် မို့ အဆင်မပြေလှ ... ဆွေမျိုးများ နှင့်လည်း ဝေးကွာခဲ့ရလို့ မပျော်ဖြစ်နေကာ မျက်မှောင်ကြုတ်ပြီး ပတ်ဝန်းကျင်ကို

ကြည့်၍

"သားမသိဘူးဖေဖေ ဖေဖေနဲ့ မေမေ အဆင်ပြေရင် သားလည်း အဆင်ပြေအောင် နေရမှာ ပေါ့"

"တို့ သားလေးက လိမ္မာပါတယ် ဖေကြီးရဲ့ သူ့အဆင်ပြေမှာ ပါ"

မိသားစုလေးတစ်ခု အပြုံးပန်းလေးတွေဝေလျက် အပြာနုရောင် တိုက်လေးကိုကြည့်ကာ ပျော်ရွှင်တဲ့ ဘဝလေးတခုဖန်တီးရန် ပြင်ဆင်နေကြသည် ။

အိမ်အသစ်ပြောင်းသည် မို့ ပစ္စည်းအသစ်များကို နေရာချသူများ သူဝင်ငါထွက်နှင့် အလုပ်ရှုပ်နေကြသည် ။ သား ယောကျ်ားလေးဖြစ်တဲ့ ရဲသီဟနိုင်ကလည်း ပစ္စည်းများ ကူရွှေ့ပေးသည် ။ ထိုကိစ္စများ အပြီး ညနေစောင်းတော့ လူလည်း အနည်းငယ် စိတ်ကျဉ်းကျပ်လာသောကြောင့် ခြံထဲရှိ ဒန်းအဖြူလေးတွေထိုင်ကာ လေကောင်းလေသန့်များကို တဝကြီး ရှူခဲ့သည် ။ ပတ်ဝန်းကျင်ကို အနည်းငယ်ကြည့်နေသည် ။ ထိုသို့ အမောဖြေနေခိုက် ခြံရှေ့မှ စက်ဘီးလေးနဲ့ ဖြတ်သွားတဲ့ ကောင်ကလေး တစ်ယောက် ဘာရယ်မဟုတ် ... ဘာရည်ရွယ်ချက်မှ မရှိပဲ
ထိုကောင်လေးစီ အကြည့်ရောက်ခဲ့သည် ။ ဘာအကြောင်းပြချက်မှ မရှိပဲ ပြုံးခဲ့တဲ့ ကိုယ့်နှုတ်ခမ်းတစ်စုံ ... ဘာကြောင့် ပြုံးမိလည်း စဉ်းစားသော်လည်း စဉ်းစား၍ မရ။

"သားငယ်ရေ ရေချိုးတော့လေ ပြီးရင် ထမင်းစားကြမယ်"

မေမေရဲ့ စကားသံကြောင့် တွေးလက်စ စဉ်းသားလက်စ အတွေးတို့ကို ရပ်ကာ ရေချိုးရန်ပင် ပြင်ဆင်ခဲ့သည် ။

"သားငယ် ဒီနေ့တော့ မေမေဒီအနီးက ဆိုင်ကပဲ မှာ လိုက်တယ်သား

နောက်တော့မှ သားကြိုက်တာ ချက်ကျွေးမယ်နော်"

"ဒီမိသားစုမှာ သားတစ်ယောက်ပဲ ရှိတာလား ကျုပ်ကိုရော သတိမရဘူးလား"

"အကိုရယ် စ စရာမရှိ ကြံဖန်စတယ် ... ကဲထားတော့ ထမင်းစားပြီးရင် စောစောနား မနက်ဖြန် ကုမ္ပဏီကိစ္စ ရှိတယ်မဟုတ်လား"

"ဟုတ်ပါပြီ သားများများ စားနော်"

ဦးသီဟနိုင်သည် ပြင်ဦးလွင်မှာ နေသောလည်း ပြင်ဦးလွင်က စီးပွားရေးတွေ ခြံတွေကို ရောင်းချပြီး ရန်ကုန်မှာ အခြေချရန် ပြင်ဆင်ခဲ့သည်မှာ ၃နှစ် ရှိပြီမို့ ရန်ကုန်မှာ ကုမ္ပဏီတစ်ခု ဖွင့်နိုင်ခဲ့ပြီးဖြစ်သည် ။

ဒီမိသားစုလေးဟာ ပြည့်စုံလွန်းတယ်လို့ မထင်ဘူးလား ... လောကကြီးက အဲဒီလောက်ကြီး ရိုးရှင်းပါ့မလား ... လွယ်ကူပါ့မလား ...
ထိုလောက်ကြီးသာယာပါ့မလား ... မုန်တိုင်းမကျခင် လေငြိမ်နေတာမျိုးရော ဖြစ်နေမလား ... ဘယ်လိုပဲဖြစ်နေပါစေလေ အခုလက်ရှိအချိန်လေးမှာ အကောင်းဆုံးကို လုပ်ဆောင်ထားပြီး လာမယ့် အခက်အခဲတွေကို ရင်ဆိုင်ကြမယ်လို့ ထိုမိသားစု တွေးထားပုံရသည် ။ တကယ်ရော ရင်ဆိုင်နိုင်ပါ့မလား ... မမြင်ရသေးတဲ့ အခက်အခဲတွေကို လုံး၀မရှိဘူးလို့ ထင်မြင်နေသလား ခွဲခြားမတတ် ... ...

***

## ၂။ တွေ့ဆုံခြင်း

နွေရာသီရက်များ ကုန်ဆုံးခါနီး နေ့ရက်အချို့မှာ နေရာအသစ်ပြောင်းခဲ့သည် မို့ ရဲသီဟနိုင် အတွက်လည်း ကျောင်းအသစ် ပြောင်းရန်လိုအပ်ခဲ့သည် ။

"သားငယ် ကျောင်းအပ်ဖို့ သွားရမယ်လေ ထတော့ မင်းဖေဖေ လိုက်ပို့မှာ တဲ့ ထတော့သားငယ်"

ရဲသီဟနိုင် အခန်းအတွင်းသို့ နေရောင်အချို့သည် လိုက်ကာများအကြားမှ ထွက်ကာ ကြမ်းပြင်ပေါ်တွင် နေရာယူနေကြသည် ။ အအိပ်မက်သူမို့ မိုးရာသီ၏ မနက်များ သာမက ရာသီတိုင်း၏ မနက်ခင်း အလင်းတိုင်းကို သဘောမကျ။ ဘယ်လောက်ပဲ သဘောမကျသည် ဖြစ်နေ မနက်ရောက်တိုင်း ရှိနေတဲ့ တာဝန်တွေက လျော့သွားမည်မဟုတ်ကြောင်းသူသိသည် ။

" ဟုတ်ကဲ့ မေမေ ... သားနိုးနေပြီ"

စိတ်မပါသည့် လုံးလုံးထွေးထွေး အသံနှင့် ပြန်ဖြေမိသည် ။ မိသားစုမနက်စာ စားဝိုင်းကိုလည်း စိတ်မကြည်စွာ စားသုံးခဲ့ရသည် ။ ထို့နောက် ကျောင်းအပ်ရန် ဖေဖေက လိုက်ပို့ခဲ့သည် ။ ကျောင်းရောက်တော့ ဖေဖေက အလုပ်သို့သွားရန် မေမေနှင့် ကျွန်တော်ကို ကျောင်းဂိတ်ပေါက်တွင် ချထားခဲ့သည် ။

"ဒီကျောင်းက တော်ဝင်ကျောင်းပဲနော်"

"ငါ့သားက ကျောင်းထဲတောင်မရောက်သေးဘူး သဘောကျနေပေ့ါ"

"တော်ပါမေမေရာ အရမ်းလှလို့ ကြီးကျယ်ခန်းနားနေလို့ တော်ဝင်ကျောင်းလို့ ပြောတာ မဟုတ်ဘူး ဒီကျောင်းလေးရောက်ဖို့ အရေး တော်တော်ကို ဝင်လိုက်ရလို့ တော်ဝင်ကျောင်းလို့ ပြောတာ "

ဘုကလန့်စကားတချို့နဲ့ မေမေကို ပြန်ဖြေမိသည် ။

ဟုတ်လည်း ဟုတ်ပါသည် ။ မရမ်းကုန်းရဲ့ အထက်တန်းကျောင်း တစ်ခုဖြစ်တဲ့ အ.ထ.က ၃ ကျောင်းလေးဟာ ရွှေနှင်းဆီ ကျောင်းလမ်းထဲတွင် ရှိနေပြီး ကျောင်းသို့ရောက်ရန် အတော်ဝင်ရသည် ။

ရဲသီဟနိုင် ကျောင်းထဲသို့ ဝင်ပြီးနောက် မကြည်ခဲ့သော စိတ်အချို့က ကြည်လင်ခဲ့ရပြန်သည် ။ အသစ်ပင်လေးများ နှင့် စိမ်းစိုနေသော မြင်ကွင်းအချို့၊ နို့စမ်းရောင်လေး သုတ်ထားသည့် ဘုရားခန်းအဆောင်နဲ့ စိန်ပန်းမြိုင်ခန်းမ၊ စိမ်းလန်းနေသော မြတ်ခင်းပြင် အနံ့ရယ်က စိတ်တော် ကြည်စေသည် ။ တပြိုင်နက်တည်း စိတ်မကောင်းဖြစ်ခဲ့သည် ကဇာတိမြေက သူငယ်ချင်းနဲ့ ကျောင်းကြီးကို လွမ်းခြင်းဖြစ်သည် ။

ထို့နောက် ကျောင်းအပ်ရန် ၈တန်းကျောင်းဆောင်သို့ သွားခဲ့သည် ။ ထုံးစံအတိုင်းပေ့ါ တန်းစီပြီး စောင့်ရပြန်သည် ။ တန်းစီနေတုန်း အရှေ့တွင် ပုတုတုကောင်းလေးတစ်ယောက် ရှိခဲ့သည် ။ သူ့ခေါင်းက ကျွန်တော့် နားခေါင်းနားမှာ ကိုယ်ချင်းကလည်း မထိရုံတမယ် နီးကပ်နေသည် ။ အရှေ့ဆုံးက ကျောင်းအပ်နေသည့် ကျောင်းသားက သူ့ဘောပင်ပြုတ်ကြလို့ ကုန်းကောက်တော့ အနောက်လူကို တိုက်မိတော့ အဲဒီလူကယိုင်ပြီး နောက်လူကိုထိ၊ အဲဒီနောက်လူကတစ်ဆင့် တခြားသူကိုထိပြီး နောက်ဆုတ်မိပြန် အဲဒီလိုဖြစ်စဉ်က ကျွန်တော့ရှေ့က ဂျပုကိုပါထိတော့

ဂျပုကလည်း နောက်ဆုတ်လိုက်သည် ။ အဲဒီတော့ သူ့နောက်မှာ ရှိတဲ့ ကျွန်တော့် ခြေထောက်ကို တတ်နင်းမိတော့ ကျွန်တော်လည်း နာလို့ အော်မိတော့

"ဟာ ... ဟို ... တောင်းပန်ပါတယ်နော် ကန်တော့ ကန်တော့"

စကားလုံးပေါင်းစုံနဲ့ လှည့်တောင်းပန်တဲ့ ဂျပုကိုကြည့်မိတော့ အသားကဖြူဖြူ အနီရောင်သန်းနေတဲ့ နှုတ်ခမ်းတစ်စုံ နှာတံဖြောင့်ဖြောင့်နဲ့ မမှေးလွန်း မကျယ်လွန်းသော မျက်လုံးစုံကြောင့်

"ယောကျ်ားလေးရော ဟုတ်ရဲ့လား မျက်နှာက ဘာလားပဲ"

လှည့်ပြီးတောင်းပန်တဲ့ ခဏလေး အချိန်အတွင်းမှာ ဒီလောက်ကြည့်နိုင်တဲ့ မိမိ မျက်လုံးကိုလည်း အံ့သြမိသည် ။ ပြီးတော့ သူ့ကို ဘယ်မှာ မြင်ဖူးတာပါလိမ့်

"အော် အိမ်ပြောင်းတဲ့ နေ့ တွေ့လိုက်တဲ့ တစ်ယောက်ကို" ဆိုပြီ တွေးနေတုန်း

"ဟိုလေ ... ဘောပင်လေး ခဏငှါးပါလား ကျွန်တော့ သူငယ်ချင်းက ဘောပင်ယူသွားတာ ပြန်မပေးသေးလို့ အခုကျွန်တော်ဒီမှာ ဖြည့်စရာလေး ကျန်ခဲ့လို့ အဲတာ ..."

"အင်း ရော့"

အချောမင်းသား ကျွန်တော်ဟာ ထိုစကား၂လုံးပြောပြီး ဘောပင်ငှါးလိုက်တယ်လေ။ ခဏနေတော့

" ဟို ... ကျေးဇူးပဲနော် ဒီမှာ ဘောပင်"

"အင်း"

ပထမနည်းတူ ချေမိုး လိုက်ပြန်သည် ။

ကျွန်တော် ကျောင်းအပ်ပြီးသည် အထိ သူမပြန်သေး၊ အခန်းအပေါက် နားလေးမှာ မတ်တပ်ရပ်နေသည် ။ ခဏနေတော့ သူ့သူငယ်ချင်းလို့ ထင်ရတဲ့ တစ်ယောက်က သူ့ပခုံးကို လှမ်းဖတ်လိုက်တာကို မြင်လိုက်သည် ။

"ပြီးပြီလား မင်းကိစ္စ"

"အေးပြီးပြီ မင်းရော ... ကျောင်းအပ်ပြီးပြီလား"

"အေးပြီးပြီ မင်း ငါ့ဘောပင် ယူသွားပြီး ပြန်မပေးသွားဘူး လဒ ငါ့မှာ သူများ စီက ငှါးရေးရသေးတယ်"

"အေးပါကွာ ငါမေ့သွားလို့ ဟိုကောင်မိုးစက်ပိုင် ဘယ်နားရောက်သွားလဲ"

"မသိဘူး အဲကောင်လည်း ဘယ်နားသွားဖွန်ကြောင်နေမှန်း"

"အဲကောင်က ဖွန် ... ဩော် ဟိုမှာ လာနေပြီ"

"မင်းတို့ ၂ကောင် ကျောင်းအပ်ပြီးပြီလား"

"အေး ပြီးပြီ "

"ပြီးရင်လည်း ပြန်မယ်လေ"

သူတို့ ကိုကြည့်မိတော့ နယ်က သူငယ်ချင်းတွေကို သတိရပြန်သည် ။ သူကတော့ အဆင်ပြေနေကြတာပဲ ငါနဲ့ ရော ဒီကျောင်းနဲ့ က အဆင်ပြေပါ့မလား အတွေးနဲ့ ပဲ အိမ်သို့ပြန်ခဲ့ရသည် ။

***

## ၃။ တိုက်ဆိုင်ခြင်း

ကျောင်းအပ်ပြီးအပြန် ပင်ပန်းတာကြောင့် တရေးတမောအိပ်ကာ ရဲသီဟနိုင် အနားယူနေခဲ့သည် ။ နိုးလာတော့လည်း အခန်းအောင်းကာ game ဆော့ခဲ့သည် ။ ရဲသီဟနိုင်တို့ ၏ မိသားစုတွင် မိသားစုဝင် ၄ယောက် ရှိသော်လည်း သမီးကြီးဖြစ်သော ရွှန်းစန္ဒာမေ သည် နိုင်ငံရပ်ခြားတွင် ပညာသင်ယူနေသည် ။ ဒါကြောင့် လက်ရှိမိသားစုဝင် ၃ ဦးတွင် မပျက်မကွက် လုပ်ဆောင်ခဲ့သည့် အရာတခုရှိသည် ။ ဤသည် ကာ ညဘက် မိသားစုထမင်းဝိုင်ပင်ဖြစ်သည် ။

"သား ကျောင်းအပ်တာ ဘယ်လိုနေခဲ့လဲ အဆင်ပြေခဲ့ရဲ့ လား"

"ကျောင်းကတော့ တော်ဝင်ကျောင်းပဲဖေဖေ"

"ကျောင်းက အရမ်းခမ်းနားနေလို့ လား"

" မဟုတ်ဘူး အကိုရေ ... ကျောင်းရောက်ဖို့ တော်တော်ဝင်ရလို့ တဲ့လေ ရှင့်သားက"

"အဲဒါကြောင့် နေတိုင်း ဖေဖေလိုက်ပို့ရင်ပို့ မပို့နိုင်ရင် သားကို စက်ဘီးတစ်စီးသာ ဝယ်ပေးတော့"

" အေးပါကွာ ... ပထမတစ်ပတ်တော့ ဖေဖေလိုက်ပို့မယ် ... နောက်ကျတော့ စက်ဘီးဝယ်ပေးမယ် ကိုယ့်ဘာသာကိုသွားပေ့ါ Ok လားသား"

"Ok ဖေဖေ"

သဘောတူမှုယူပြီး ထမင်းဝိုင်းလေးကို အပြီးသတ်ခဲ့ကြသည် ။

***

နောက်တစ်နေ့ မိုးလင်းတော့ ထုံးစံအတိုင်းပေါ့ မေမေက လာနှိုးပြန်သည် ။ ညက game ဆော့တာ ညနက်သည် မို့ ပို၍ ပင် အိပ်ရေးမဝ ပို၍ ပင် စိတ်မကြည် ဖြစ်နေခဲ့ရသည် ။
မနက်မိုးလင်းတိုင် တွန်ကျူးနေတဲ့ ကျေးငှက်လေးတွေအသံဟာ အများအတွက်တော့ သာယာကြည်နူးစရာ ကောင်းနေလိမ့်မည်။ သို့သော် ရဲသီဟနိုင် အတွက်တော့ စိတ်ညစ်စရာ ကောင်းလှသည် ။

"သားငယ် ဒီနေ့ လမ်းထိပ်နားကဆိုင်ကို မေမေဖုန်းဆက်ပြီး ရှမ်းခေါက်ဆွဲ မှာ ထားတယ် အဲဒါခဏနေရင် လာပို့လိမ့်မယ် သားထွက်ယူပေးနော် မေမေ ကော်ဖီဖျော်မလို့ "

စိတ်မကြည်သည် မို့ အင်းမလုပ် အဲမလုပ်နှင့် ထမင်းစားခန်းထဲမှ ထွက်လာခဲ့သည် ။ အိပ်ရေးမဝလို့ ခေါင်းကိုက်ရသည့်အထဲ ပိကျိပိကျိ အော်နေသည့် ငှက်များကြောင့် ပို၍ စိတ်တိုလာကာ ကျိမ်ဆဲမိပြန်သည် ။

"အိပ်ရေးမဝတဲ့ အထဲ ဒီငှက်တွေကတစ်မျိုး ဝေးဝေးမှာ အော်စမ်းပါကွာ"
ကလင် ... ကလင် ... ကလင် ...

"ဟာ ... ဒုက္ခပဲ ဖွတ်တီးနေတယ် ကြားတယ်ကွ လာပြီ လာပြီ"

စိတ်တိုတိုနဲ့ ခြံအပြင်သို့ထွက်ပြီး ရှမ်းခေါက်ဆွဲလာပို့တဲ့ သူကိုကြည့်မိတော့

"ဟိုနေ့က ကျောင်းမှာ တွေ့တဲ့ တစ်ယောက်ပဲ"

" ဒီအိမ်ကအန်တီ ရှမ်းခေါက်ဆွဲ မှာ ထားတာ လာပို့တာပါ"

"အင်း ဘယ်လောက်ကျလဲ"

"ရှမ်းခေါက်ဆွဲက ၃ပွဲ တိုဖူးကျော်က ၁ပွဲဆိုတော့ အားလုံးပေါင်း ၃၀၀၀ပါ "

"အင်း ... ရော့ ဒီမှာ ပိုက်ဆံ"

"ဟုတ်ကဲ့ "

တရိုတသေနဲ့ သက်တူရွယ်တူကို ဟုတ်ကဲ့လို့ လည်း ပြောသေးတယ် လက်နှစ်ဖက်နဲ့ လည်း ကိုယ်ပေးတဲ့ ပိုက်ဆံကိုလှမ်းယူတယ် သူ့မျက်နှာကြည့်တော့ ပြုံးသနေသလိုလိုနဲ့ အေးလေ သူတို့ ဆိုင်ကို အားပေးတဲ့ customer ဆိုတော့လည်း ဆူပုတ်ပြီး ဆက်ဆံလို့ မှ မရတာ ...

နေပါဦး စောစောက ငါစိတ်ညစ်နေတာတွေ ဘယ်ရောက်သွားတာလဲ ...

တစ်ယောက်တည်း အဖြေရှာမရ ၊ အဖြေရှာနေရင်းပြီ အိမ်ထဲသို့ဝင်ခဲ့ပြန်ခဲ့ပြီး ဖေဖေ မေမေနဲ့ အတူ မနက်စာစားခဲ့သည် ။ မနက်စာစားပြီး ဖေဖေက အ လုပ်သွား မေမေက ပိုးထည်တိုက်ဖွင့်ဖို့ နဲ့ အမျိုးတွေကို ဟိုဆက်ဒီဆက် လုပ်နေတာမို့ လုပ်စရာလဲမရှိတာနဲ့ အခန်းထဲမှာ ပြန်အိပ်နေလိုက်သည် ။ ဒီလိုနဲ့ အိမ်အသစ် နေရာအသစ်မှာ စားလိုက် အိပ်လိုက် game ဆော့လိုက်နှင့်သာ အချိန်ကုန်ရပြန်သည် ။

***

ဇလပိုင်း ၁ရက်နေ့ ဒီနေ့တော့ ပျင်း၍ မရ အိပ်ရာထဲတွင် လည်း အခုတိုင်းလို့ လိုမ့်နေ၍ မရ ပထမဦးဆုံး ကျောင်းတတ်ရက် ဖြစ်သည် ။ မနက်စာစားပြီး ဖေဖေလိုက်ပို့သော ကားလေးနှင့်အတူ ကျောင်းကြီးဆီသို့အသွား

"သား စာကြိုးစားနော် ပြင်ဦးလွင်မှာ တုန်းကလို့ အဖော်မက်ပြီး ပျင်းမနေနဲ့ ကြားလား"

"သားပျင်းလဲ အချိန်တန် 1to10ဝင်တာပဲလေ"

ဦးသီဟ စကားရှာရန် အတော်ပင် စဉ်းစားခဲ့ရသည် ။ ဘယ်လောက်ပဲ ပျင်းပျင်း ဉာဏ်ကောင်းသည့် အားသာချက်ကြောင့် စာမေးပွဲများ တွင် အမှတ်ကောင်းနေသည် ။ ဒါကြောင့်လည်း ဒီကောင်လေး မာန်တတ်နေတာလို့ သာ ဦးသီဟတွေးမိသည် ။

ကျောင်းတတ်တော့ အရင်ကျောင်းကတွင် အမှတ်ကောင်းခဲ့တာတောင် section A တွင် သင်ကြားရသည် ။ ဝင်ဝင်ခြင်း ကျောင်းသားအသစ်ဆိုပြီး ဝိုင်းကြည့်ကြတော့ လူတောင်နဲနဲ လန့်လာသလိုပဲ။ ကျောင်းသူ ကျောင်းသားအသစ် ဆိုသည် နှင့် မင်းသားလိုလို လူထူးဆန်းလိုလို ဝိုင်ကြည့်ကြသည် မှာ အထက်တန်းကျောင်းများ ၏ သဘာဝ။

အတန်းထဲ ဝင်ဝင်ခြင်းကြည့်မိသည် က ၂ ယောက်ထိုင်ခုံတွင် သုံးယောက်ပူးကာ ထိုင်နေသော လူတစ်စုကိုပင်၊ ထိုလူတစ်စုထဲကမှ သတိထားမိသည် က အသားဖြူဖြူ ဆံပင်အုပ်အုပ်လေးနဲ့ ကျွန်တော် သူ့ကိုတွေမိတိုင်း အဖြေရှာမရတဲ့ မေးခွန်းတွေ ထွက်လာစေတဲ့ သူကိုပေ့ါ ...

တိုက်ဆိုင်လွန်းသည် ...

ဖြစ်ချင်တော့လည်း အဲဒီ ၃ယောက် ရှေ့ကခုံတွင် တစ်ခုံသာ လွတ်သည် ။ ကျန်တဲ့ ခုံအလွတ်များမှာ လည်း မိန်းကလေးဘက် ဖြစ်နေတာက တစ်ကြောင်း ယောက်ျားလေးဘက် ဖြစ်သော်လည်း နေရာဦးထားသလို လွယ်အိတ် ကျော်ပိုးအိတ်များ တင်ထားတာကြောင့် ထိုလူ၃ယောက် ရှေ့ကခုံကိုသာ ထိုင်မိသည် ။ ထိုင်ပြီးမှ ဘေးကြည့်မိတော့ ကျော်ပိုးအိတ် အမည်းရောင်လေး တစ်လုံးရှိနေသည် ။ ဘယ်သူ့ အိပ်မှန်းတော့မသိ ...

ကျောင်းတက်ခေါင်းလောင်းထိုး၍ နိုင်ငံတော်သီချင်းဆိုအပြီး ဘုရားရှိခိုးကြတော့မှ ကျွန်တော့်ဘေးတွင် ဝင်ထိုင်သည့်သူက ကျွန်တော့် အတွေးကို မေးခွန်းများ စွာ ဝင်စေတဲ့ သူပေ့ါ။

***

## ၄။ မိတ်ဆွေဖွဲ့ခြင်း

သူ ကျွန်တော့်ဘေးနား ဝင်ထိုင်တော့ သေချာကြည့်မိသည် ။ အသားရည်မှာ ဖြူသည် ဆိုပေမယ့် ဖြူစွတ်စွတ်ကြီးမဟုတ် နို့နှစ်ရောင်နှင့် … အနီရောင်သန်းနေသော နှုတ်ခမ်းတစ်စုံရယ်က သူနှင့်အလွန် လိုက်ဖက်နေသည် ။ မိန်းမဆန်ဆန် ချောနေခြင်းမျိုးလည်း မဟုတ် ဘယ်လို ပြောရမလဲ …

စာကဗျာဖွဲ့ပြီး ပြောရလောက်အောင်လည်း ကိုယ်ကမပြောတတ် သူ့ကိုသာ စိုက်ကြည့်နေခဲ့မိသည် ။ ခဏနေတော့ ထိုလူသားက ကျွန်တော့်ကိုကြည့်ပြီး

"ဘုရားရှိခိုးလေ ဆရာမတွေ့ရင် အဆူခံရလိမ့်မယ်"

ဟုတ်ပါရဲ့ သူပြောမှ သတိဝင်ခဲ့ရသည် ။ ဘုရားရှိခိုးဖို့ မေ့နေတဲ့ အထိ စိုက်ကြည့်မိတော့ ထိုလူသား မနေတတ်ပဲ ဝင်တားသည် မှာ မဆန်းပေ။ ထို့နောက် အတန်းပိုင် ဆရာမဝင် လာပြီး ကျောင်းသူဦးရေး စစ်ပြီးနာမည်ခေါ်တော့ ထိုလူသားနာမည်က သက်ပိုင်းမှူးဆိုတာ သိခဲ့ရသည် ။

တစ်ချိန်ပြီးတစ်ချိန်စာသင်လို့ ပြီး နေ့လည်ထမင်းစားချိန်ရောက်တော့

"ဒီကတစ်ယောက် မုန့်မစားဘူးလား ကျောင်းသားအသစ်ဆိုတော့ မုန့်ဈေးတန်းမသိလို့ လား မုန့်ဈေးတန်းက ကျောင်းရဲ့ အနောက်ဘက်

ဂိတ်နားမှာ နော်"

"နာမည်က ဒီကတစ်ယောက် မဟုတ်ပါဘူး ရဲသီဟနိုင်ပါ "

"ဟမ် ဩော် အင်း အင်း"

"ရဲသီဟနိုင် မင်းငါတို့ နဲ့ လိုက်ရင်လိုက်ခဲ့လေ ငါတို့ လည်း အခုမုန့်သွားစားမလို့ ... သက်ပိုင် မင်းကလေ စကားပြောရင် ဟိုဟိုဒီဒီနဲ့ ဘာမှန်းမသိဘူး အခုလို အစတည်းက ခေါ်လိုက်ရင်ပြီးရောကို"

"ဖွဲ့ထက်ပိုင် မင်းကဆရာကြီးလား အဲဒါဆိုလည်း အစတည်းက မင်းခေါ်လိုက်ပါလား "

ထိုသို့ စကားနာထိုးနေစဉ် မိုးစက်ပိုင်က

"တော် တော် ... ကိုက်မနေနဲ့ စားစရာရှိတာသွားစားမယ် လာ ... ၃ယောက်လုံးထ"

သူတို့ ကိုကြည့်ရတာ ပေါင်းတာ အတော်ကြာပြီထင်တယ် စလိုက်နောက်လိုက် အော်လိုက် နဲ့ ပျော်ဖို့ တော့ ကောင်းပါတယ်။ သူတို့ သာအဆင်ပြေကြတာ ငါနဲ့ ရော အဆင်ပြေပါ့မလား ...
ကိုယ့်အတွေးနဲ့ ကို လမ်းလျှောက်နေစဉ် ဘောလုံးတစ်လုံးက သက်ပိုင်မှူး မျက်နှာသို့ မှန်တော့မလိုဖြစ်တော့ ကျွန်တော် သူ့ပခုံးကိုကိုင်ကာ ကျွန်တော့ဘက်ကို ဆွဲလှည့်လိုက်တော့ သူမျက်နှာက ကျွန်တော့လည်ပင်းနားသို့ရောက်လာသည် ။

" အစ်ကို sorryနော် ဘယ်နားထိသွားသေးလဲဟင်"

" ရတယ်ညီလေး အစ်ကိုမထိသွားဘူး"

စေတနာကောင်းသူကြီးက ထိုသို့ပြောသောလည်း ကျွန်တော်ကတော့

"ဒီမုန့်စားချိန် နာရီဝက်လေးကိုတောင် ကမြင်းကျောထနေသေးတယ်"

"ဟိဟိ ... မင်းကလည်း ထားလိုက်ပါကွာ ပြီးတော့ ငါ့ကိုလည်း မထိပါဘူး"

"အဲဒါ ငါဆွဲလိုက်လို့ လေ မဟုတ်ရင် မင်းမျက်နှာ ရွှံ့လူးပြီးသားပဲ"

"ကလေးပဲကွာ ဆော့မှာ ပေါ့ ဒီလိုပဲ အခန့်မသင့်လို့ ဖြစ်တာပဲဟာ "

"ကလေး ... ဘာကလေးလဲ ... အဲကလေးက မင်းထက် အကောင်ကြီးတယ် "

"မင်းနော် ငါ့ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံကို မစော်ကားနဲ့ ... လူကောင်းကြီးရင် ငါ့ကိုထမ်းထားတဲ့ ကမ္ဘာမြေကြီး ပိုလေးနေမှာ ဆိုးလို့ လျှော့ထားတာ နားလည်လား"

ရဲသီဟနိုင်တစ်ယောက် ပြောစရာစကားလုံးပင်ပျောက်ရှကုန်သည်။

***

ဒီလိုနဲ့ ပဲ ကျောင်းသားအသစ်ဖြစ်တဲ့ ကျွန်တော်ဟာ ထို၃ယောက်နဲ့ ပေါင်းမိခဲ့သည်။ အခြားသူများ နှင့် သိပ်အရောမဝင်။ ထို ၃ယောက်ထဲမှာ ပိုခင်မိသည် က သက်ပိုင်မှူးပင်ဖြစ်သည် ။ နေတဲ့ နေရာလည်း သိပ်မဝေးတာကြောင့်လည်း ပါသည် ။ မိခင်ဆုံးပါးသွားပြီး ဖခင်က သူများ စီက Taxi မောင်း ... အဒေါ်လုပ်က တစ်ပိုင်တနိုင် ဆိုင်လေးဖွင့် အဲဆိုင်လေးရဲ့ ကိစ္စတွေကို ဝိုင်လုပ်ပေးရ ကျောင်းတတ်ရတာမို့ သူ့ဘဝလေးက အရမ်းမခက်ခဲရင်တောင် သိပ်တော့အဆင်မပြေလှ။ ဖေဖေက အိမ်တွင် ကား Driver နှင့် ခြံကိစ္စတချို့ကို လုပ်ဆောင်ရန် ရပ်ကွက်ထဲတွင် လူရှာတော့ သက်ပိုင်မှူးရဲအဖေက ကျွန်တော်တို့ ခြံတွင် အလုပ်လု

ပ်ခဲ့သည် ။ သူ့အဖေက အိမ်မှာ အလုပ်ဝင်လုပ်တာကတစ်ကြောင်း ကျွန်တော်နဲ့ သူ သူငယ်ချင်းဖြစ်နေတာက တစ်ကြောင်းနဲ့ သူကျွန်တော့အိမ်သို့ အရောက်များ လာသည် ။ စာလည်း အတူတူလုပ်ဖြစ်ကြသည် ။

"သားရေ မေမေ ဆိုင်သွားတော့မယ်နော် သားသူငယ်ချင်းရော ဒီနေ့လာမယ်မှတ်လား"

"ဟုတ် မေမေ သားသူ့ကိုခေါ်ထားတယ် စာလည်း လုပ်စရာရှိလို့ "

"အေးအေး သားဒီနေ့ ကျူရှင်လည်း ပိတ်တယ်နော် အိမ်မှာ သားသူငယ်ချင်းနဲ့ ပဲနေ အပြင်မသွားနဲ့ နော်"

"ဟုတ် ကဲ့ ပါ"

မေမေသွားပြီးခဏနေတော့ သက်ပိုင်မှူးရောက်လာခဲ့သည် ။

"မင်းကလည်း ကွာ နောက်ကျလိုက်တာ"

"ဟမ် ဘာကိုနောက်ကျတာလည်း အခုမှ ၁၁နာရီရှိသေးတာ ဒေါ်လေးဆိုင်ကိုလည်း ကူရသေးတယ်ကွ"

"အော်လိုက်တာ အသံလေးရယ် စတာကို ဘာဖြစ်တာလဲ နှုတ်ခမ်းက တစ်တောင်လောက်နဲ့ "

"ဟာ မင်းနော် "

"အေးပါ မစတော့ဘူး လာ ... ဒီနားလာထိုင်"

ကျွန်တော်တို့ ၂ယောက် စာအတူတူလုပ်တော့ ကျွန်တော့် သင်္ချာ စာလုပ်လည်း ဖွင့်လိုက်ရော စာရွက်ခေါက်လေးတစ်ခု ကျလာတယ်

"ဘယ်သူ့ဟာလဲ"

"မင်းစာအုပ်ထဲကဟာဆိုမှ မင်ဟာပေ့ါ"

ထိုစာရွက်ခေါက်လေးဖွင့်ပြီး ကျွန်တော်ဖတ်လိုက်တော့ ဘေးက တစ်ယောက်က ကျွန်တော်နဲ့ စာရွက်ကို စူးစမ်းလေ့လာနေသည် ။

"ဘယ်သူပေးတာလဲ"

"ယမုံ ... ဟိုနေ့က ငါ့စီက စာအုပ်ငှါးသွားတယ် ... ငါမပေးချင်ပါဘူး ဒါပေမဲ့ မိန်းကလေးကလာငှါးတော့ မကောင်းတက်လို့ "

"အဲဒါနဲ့ ပဲ စေတနာသဒ္ဒါတရားတွေနဲ့ ပေးလိုက်တယ်ပေ့ါ"

"မကောင်းတက်လို့ ပေးတာပါကွာ"

"ငါ့ကျတော့ ပြောပြီး မင်းကျတော့ စာလာပြခိုင်းသမျှလူကို စေတနာတွေ ထက်သန်ပြီး စာပြန်ပြနေတာကရော"

"ဒါက ဒီလိုလေ သူတို့ ကို စာပြတော့ ငါ ၂ခါ ရတာပေ့ါကွ"

"ထားပါတော့ ဘယ်လိုလုပ်ရမလည်း ငါဒီကိစ္စကို"

"မင်း သူ့ကို ဘယ်လိုသဘောထားလဲ "

"ငါ့ သဘောထားက ဘာမှန်းမသိဘူး"

"ဟာ အဲဒီလိုရမလားကွ မင်းကြိုက်ရင်တွဲ မကြိုက်ရင် မတွဲနဲ့ ပေ့ါ"

"မင်းသဘောကရော သက်ပိုင်"

ဘာကိုမင်းသဘောလဲ ဘာလို့ မေးတာလည်း သူကရော ဘာလို့ ကျွန်တော့နား ကပ်လာတာလဲ။ ဘာပေါင်းများ စွာ ပြည့်နေတဲ့ ကျွန်တော့် ဦးနှောက်ထဲမှာ သိတာတခုက သူ့ကို ယမုံနဲ့ မဖြစ်စေချင်ဘူး။ ဘာကြောင့်လဲ အဖြေရှာမရ

"ငါ့ သဘောအတိုင်းလား"

"အင်း"

လေးနက်မှုရှိနေတဲ့ အသံမျိုးနဲ့ ပြောလာသည် ။

"ဒါဆို မတွဲနဲ့ "

"ဘာလို့ "

"ငါ အရမ်းခင်ရတဲ့ သူငယ်ချင်းကို အဆုံးရှုံးမခံနိုင်သေးလို့ "

***

## ၅။ ရင်းနှီးခဲ့ခြင်း

ရဲသီဟနိုင်ရဲ့ မေးခွန်းနဲ့ ပြုလုပ်ခဲ့တဲ့ အမူအရာက ကျွန်တော့ရင်ကို လှုပ်ခတ်စေသည် ။ ဟိုတလောကလည်း သူငိုင်နေတာမြင်လို့ မေးတော့

"ဟေ့ မင်း ဘာတွေငိုင်နေတာလဲ ... ဘာလဲ ပြင်ဦးလွင်က ကောင်မလေးကို သတိရနေလို့ လား"

"သူလား စစရောက်လာတုန်းကတော့ လွမ်းသား သတိလည်း ရတယ် ... ဖုန်းနဲ့ လည်း အဆက်သွယ်လုပ်တယ် အခုတော့ ..."

"အခုတော့ ဘာဖြစ်လဲ ..."

"မင်းငါ့ဘေးနားမှာ အချိန်ပြည့်လိုလို ရှိနေတော့ သူ့ကိုလွမ်းဖို့ တောင် မေ့နေတယ်"

လှပသော အပြုံးတခုကို ဆင်မြန်းလျက် ဆိုလာသည့်စကား ...

ထိုအခိုက်တန့် မေးစရာစကားလုံး အချို့ ပျောက်ရှကုန်ရသည် ။ ကိုယ်တစ်ယောက်တည်း ရင်ခုန်နေလို့ လည်း မရ ၊ ယောကျ်ားချင်းက လည်း ဖြစ်ပြန်တော့

သူငယ်ချင်းရှိတော့ တစ်ယောက်တည်း နေရတာထက်ဆိုရင် ပျော်ဖို့ ကောင်းတာကြောင့် သတိမရတာ နေမှာ ပါ" လို့ စိတ်ကဖြေရပြန်သည် ။

အထက်တန်း ကျောင်းသားတွေရဲ့ ဓလေ့တခုလိုဖြစ်နေတာက ကိုယ်ကြိုက်သူရှိရင် ထိုသူထိုင်တဲ့ နေရာတွင် အသဲပုံ သကြားလုံးလေးတွေ လာချတတ်ခြင်းပင်ဖြစ်သည် ။ ကျွန်တော့်စားပွဲသို့ ရောက်လာသော သကြားလုံးတိုင်းလိုလို သူစားပစ်သည်။ နေမကောင်းခိုက်နှင့်ကြုံလျှင်

"မင်းလည်း မစားနဲ့ ငါလည်း မစားဘူး"ဟု ဆိုတာ လွှင့်ပစ်ပြန်သည် ။

သူ့ဆီ ရောက်လာသော သကြားလုံးများကိုတော့

"ဒီသကြားလုံး ငါစားလိုက်ရမလား "

"မင်းကိုလာပေးထားလေ မင်းစားချင်စားပေါ့"

"မင်းသဘောကရော ..."

"မင်းကြိုက်တယ်မှတ်လား စားလေ တော်ကြာက ငါက မစားခိုင်လို့ မစားတာပါဆိုရင် မင်းကိုကြိုက်နေတဲ့ ဟာမလေးတွေ ငါ့ကိုလာရိုက်နေမယ် စား စား ... ဒါပေမဲ့ အများကြီးမစားနဲ့ ချောင်းဆိုးနေမယ်"

"တကယ်လည်း ငါက မင်းမစားခိုင်းရင် မစားဘူးလေ"

ကျွန်တော်ရင်ကို လှုပ်ခတ်စေတဲ့ စကားလုံးအချို့ ပြောပြီးတိုင်း သူဆင်မြန်းလိုက်တဲ့ အပြုံးတိုင်းဟာ သိပ်လှသည် ။ တည်ကြည်တဲ့ မျက်နှာနဲ့ မျက်ခုံးနက်နက် စွဲဆောင်မှုရှိသည့် မျက်ဝန်းတစ်စုံ နှာတံဖြောင့်ဖြောင့် ရယ်လိုက်တိုင်း ပေါ်လာတက်တယ် သွားစွယ်ချွန်ချွန် မထူမပါးလှသော နှုတ်ခမ်းတစ်စုံက မိန်းကလေးများ ကြွေချင်စရာကောင်းလှသည်။ ရုပ်ကလည်း ချော စာကလည်း တော် မိဘတွေကလည်း ချမ်းသာ တကယ်ကိုပဲ ပြည့်စုံသည်။ ကျွန်တော့်ဘဝနဲ့ ယှဉ်ရင် မိုးနဲ့ မြေလိုပေါ့ ...

***

တနေ့ထက်တနေ့ ပိုပိုတိုးလာတဲ့ ရင်းနှီးမှုတွေနဲ့ ကျောင်းတက်ခဲ့တာ အဋ္ဌမတန်းကိုပင် ပြီး၍ နဝမတန်းကိုပင် ရောက်ခဲ့ရှိခဲ့ကြသည် ။ ကျူရှင်လည်း အတူတူပဲ တတ်ခဲ့သည် ။
တစ်နေ့ ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး စာလုပ်ကြတယ်။

အရင်နေ့များကလို့ သက်ပိုင်မှူး တစ်တည်းမဟုတ် ဖွဲ့ထက်ပိုင်နဲ့ မိုးစက်ပိုင်ကိုပါ ခေါ်လိုက်သည် ။ အဒေါ်ကို ဈေးကူရောင်းပေးတဲ့ ကျွန်တော်အခင်ရဆုံး ကောင်လေးကတော့ ထုံးစံအတိုင်း နောက်ကျပြန်သည် ။

" မိုးကလည်း ကွာ မိုးကုန်ခါနီးမှ ရွာလိုက်တာဆိုတာ နေ့တိုင်းလိုလိုပဲ အခုလည်း ရွာပြန်ပြီ စာက မလုပ်ချင်ရတဲ့ ကြားထဲ အိပ်တောင် အိပ်ချင်ပြီ"

"သောက်ပျင်းမိုးစက်နဲ့ သောက်ပျင်းဖွဲ့ထက် နားငြီးတယ်နော် စာလုပ်စရာရှိတာလုပ်"

"အေးပါ ဆရာသမားရယ် ကြောက်တောင်ကြောက်တယ် ... မင်းပုံစံက ဘာဖြစ်နေတာလဲ မျက်မှောင်ကြုတ်ပြီး အဲခြိအပြင်ဘက်ကို ကြည့်နေတာ တော်တော်ကြာပြီ"

"သက်ပိုင်မလာသေးဘူးလေ အခုမိုးကလည်း ရွာနေတာ ဒီကောင်မိုးမိတော့မှာ ပဲ လူကောင်ကလည်း သေး အားကလည်း ရှိတာ မဟုတ်ဘူး ဟိုတလောကပဲ ဖျားထားသေးတာ"

"စိတ်ပူတတ်လိုက်တာကွာ ... ဟိုမှာ ရောက် လာပြီ မင်းဟာလေး"

"သက်ပိုင် မိုးမိ လာပြီမှတ်လား မင်းကလေ ထီးမဆောင်လာဘူးလား"

"စက်ဘီးစီးလာတာ ဘယ်လိုဆောင်ရမလဲ မြန်မြန်ပဲ နင်းလာလိုက်တာ အဲဒါကြောင့် မိုးမိလာတာ"

"ထားတော့ လာခဲ့ မင်းအဝတ်အစား လဲရမယ်"

ရေစိုနေတဲ့ သူ့လက်ကိုဆွဲပြီ အိမ်ပေါ်သို့ အတင်းခေါ်တတ်သွားခဲ့သည် ။ မိုးမိထားသောကြောင့် လက်တွေကလည်း အေးစက် နှာခေါင်းလေးက နီနေပြီး ဆံပင်လေးတွေမှာ မိုးရေးလေးတွေ တွဲလဲခိုကာ အလှဆင်ထားသလား ထင်ရသည် ။ ချမ်းလို့ ထင်ပါသည် ။ ကိုယ်လေးကို ကျုံ့ထားသည် ။
အစတည်းကမှ လူကောင်က သေးရကြားထဲ အခုလိုလုပ်ထားတော့ ကလေးလိုလိုဖြစ်နေပြန်သည် ။

သူ့ကိုယ်လုံးနဲ့ ကိုယ်ရဲ့ အင်္ကျီ ဘယ်ဟာတော်လောက်မလဲ ကြည့်မိတော့ ရေစိုနေတဲ့ သူကိုယ်လုံးကို ကြည့်မိသည် ။ ခါးသိမ်သိမ်လေးနဲ့ အနဲငယ်ကောက်နေသာ တင်ပါးကိုပါ တွေ့ရတော့
သက်ပိုင်က မိန်းမနဲ့ များ မှားမွေးထားတာလား ဘာလို့ အဲလောက်လှနေတာလဲ ငါကရော သူ့အလှကို ဘာလို့ အဲလောက် စာဖွဲ့နေမိတာလဲ ... တွေးလက်စအတွေးကို လက်စသတ်ရသည် မဟုတ်ရင် အရှေ့က လူသားသည် ချမ်း၍ အသက်ထွက်သွားနိုင်သည် ။

"ရော့ ဒီဟာဝတ်လိုက်"

"အေး ... ကျေးဇူးပဲ "

"ဘာရုပ်လုပ်နေတာလဲ လဲလေအဝတ်တွေ"

"အင်း လဲမယ်လေ မင်ကရော အဲဒီလိုကြီးရပ်ပြီး ငါ့ကိုကြည့်နေမို့လား ... အဲတော့ ငါကဘယ်လိုလဲရမလဲ"

"ဩော် အေးအေး ငါအောက်ဆင်းနှင့်မယ် မင်းလည်း ပြီးရင်ဆင်းခဲ့"

ကျွန်တော့်အခန်းက ကျွန်တော်သောက်နေကြ ကိုက်ခဲပျောက်ဆေးယူပြီး ဆင်းလာခဲ့လိုက်သည်။ ကျွန်တော်ဆင်းလာတော့

"မိုးစက် ... သက်ပိုင်သာ မိန်းကလေးဖြစ်ရင် ဘယ်လောက်လှလိုက်မလဲ သူ့ခန္ဓာကိုယ်ကလည်း လှ ရုပ်ကလည်း ချော သူသာမိန်းမလေးဆို ငါ အသေရရအရှင်ရရကို လိုက်မှာ "

"မင်း အချင်းချင်းကို ပစ်မှားနေတာလား မင်းကို သက်ပိုင်ကြားရင် သတ်လိုက်မယ် ပြီးတော့ ဟိုကောင် ရဲသီဟနိုင်ကြားရင် မင်းကို နုတ်နုတ်ဆင်းလိမ့်မယ် သူကသက်ပိုင်ကို ထိရင်ကြိုက်တာ မဟုတ်ဘူး "

"ဟုတ်တယ် မကြိုက်ဘူး ရပြီလား မင်းတို့ ဟာလေ တော်တော်ကို အာလူး ရောင်းနိုင်တယ်နော် နောက်ပြီးမင်းတို့ ..."

"ရဲသီဟနိုင် မင်းအင်္ကျီကြီးက ငါနဲ့ ပွနေတယ် ပြီးတော့ လက်ကြီးကလည်း ရှည်တယ်"

သက်ပိုင် အသံကိုကြားတော့ လှည့်ကြည့်မိတော့ အဖြူရောင် Hoodie ဝမ်းဆက်လေးနဲ့ ထိုလူသား ချစ်စရာကောင်းနေသည်။ အဝတ်တွေက သူနဲ့ နဲနဲကြီးနေတော့ လူကြီးအင်္ကျီကို ယူဝတ်ထားတဲ့ ကလေးလိုဖြစ်နေသည်။

"အဲဒါငါ့မှာ ရှိတာ အသေးဆုံးပဲ ... မင်းလက်ထဲက ရေစိုအဝတ်တွေကို ငါ့ကိုပေး အဒေါ်ကြီးကို လျှော်ခိုင်းထားလိုက်မယ်"

"ရတယ် အားနာလို့ ငါ့ဘာသာ ..."

စကားပြော၍ မဆုံးခင် အဝတ်ကိုဆွဲယူလိုက်ပြီး

"စကားကို များ တယ် "

သူ့အဝတ်တွေကို အဒေါ်ကြီးကို ပေးဖို့ မီးဖိုခန်းထဲ ဝင်ခဲ့တယ်။ သူ ဆေးသောက်ဖို့ သူစားနေကျ pucci cake လေးနဲ့ သူနေကျအတိုင်း ကော်ဖီချိုချိုလေး တစ်ခွက်ဖျော်ခဲ့လိုက်သည်။

"သက်ပိုင် မင်းပြီးရင် ဆေးသောက်ရမယ် အဲဒါကြောင့် ကော်ဖီနဲ့ ကိတ်စားရမယ် ဟိုတလောကပဲ ဖျားထားတာ မကြာသေးဘူးမှတ်လား"

"အင်း ... ကျေးဇူး"

"ငါတို့ အတွက်ရော ..."

"သြော် ... အေး ဟုတ်သားပဲ မင်းတို့ စားချင်ရင် အဒေါ်ကြီးကို လုပ်ခိုင်း လိုက်လေ"

"ခွဲခြားလိုက်တာနော် မိုးစက်"

ထောက်ခံသူမိုးစက်ကလည်း

"ဟုတ်ပ့ါ"

"မဟုတ်ပါဘူးကွာ သူဆေးသောက်ရမှာ မို့လို့ ပြီးတော့ သူသောက်တဲ့ ကော်ဖီအတိုင်းအဆကို ငါပဲသိလို့ ဖျော်ခဲ့လိုက်တာ"

"အဲလောက်တောင် သိတာလား"

ဖြေရှင်းကာမှ ပိုရှုပ်သွားသည် မို့ ဆက်၍ မပြောတော့ပဲ ငြိမ်နေမိသည်။ ကိုယ်ကလည်း သက်ပိုင်နဲ့ ပက်သက်ပြီး အကုန်သိနေတာကို အသေးဖွဲ့လေးကစ ဂရုစိုက်မိတာကို

"သက်ပိုင် မင်းဆံပင်တွေ ရေမသုတ်ထားဘူးလား"

"အင်း မင်းသဘက်ဆိုတော့ အားနာလို့ "

သက်ပိုင်ကို တကယ်ပင် စိတ်မရှည်တော့၊ အဲဒီလို အားနာနေတာနဲ့ပဲ ဖျားနိုင်သည် မို့ ကိုယ်ကပဲ သဘက်သွားယူကာ ကိုယ်တိုင်ပဲ သုတ်ပေးမိသည်။

"ငါသုတ်ပေးမယ်"

"ရတယ် ငါ့ဘာသာသုတ်မယ် အားနာလို့ "

"ငြိမ်ငြိမ်နေ လျှာမရှည်နဲ့ စားစရာရှိတာစား"

ဟောက်လိုက်တော့လည်း ချက်ချင်းငြိမ်ကြသွားပြီး မျက်နှာလေးပါ ငယ်သွားတော့ စိတ်မကောင်း ဖြစ်ရသည်။ အများ အမြင်မှာ တော့ ကိုယ်ကသူ့ကို နိုင်စားတယ်ပေါ့ ဟုတ်တယ် ကျွန်တော်သူ့ကိုနိုင်စားတယ် ဒါပေမဲ့ အဲဒါက သူအတွက်ပါ။

"ငါက မင်းစားလတ်စကြီးမို့ ပြီးအောင်စားစေချင်လို့ ငါသုတ်ပေးမယ်ပြောတာ မင်းကအမြဲတမ်း အားနာတယ်ပဲပြောနေတော့ အော်လိုက်တာ ... ဘာလဲ စိတ်ဆိုးသွားတာလား"

"မဆိုးပါဘူး "

"မသိဘူးလေ မင်းကငြိမ်သွားလို့ "

"မင်းပဲ ငြိမ်ငြိမ်နေဆို"

"စကားနားထောင်တယ်ပေါ့"

"အင်း"

အသံတိုးတိုးလေးနဲ့ ဆိုလာသည် ။ ကျေနပ်ရပါသည် ။ ထိုလူသား လေးနဲ့ ရင်းနှီးခွင့်ရလို့ လည်း ကံကြမ္မာကြီးကျေးဇူးတင်မိပြန်သည် ။

***

## ၆။ မှားယွင်းသောရင်ခုန်သံ

နဝမတန်းကိုလည်း သူငယ်ချင်းသုံးယောက် သွားအတူ လာအတူ စားအတူနှင့် ဖြတ်သန်းခဲ့ကြသည် ။ ထိုသွားအတူ လာအတူဆိုသည့်စကားက ကျွန်တော်နှင့် ရဲသီဟနိုင်အတွက် ကို၍ မှန်မည်။ ဇတန်းမှာ စသိခဲ့ရပေမယ့် ကျွန်တော်တို့ ၏ ရင်းနှီးမှုသည် ငယ်သူငယ်ချင်းများကဲ့သို့ သံယောဇဉ် ကခိုင်မာလှသည် ။

ကိုးတန်း စာမေးပွဲအပြီး ရဲသီဟနိုင် အိပ်ရေးကလည်း မမှန် စာကလည်း လုပ်ရ game ကလည်း လက်မလွှတ်နိုင် အစားအသောက်ကည်း မမှန်တော့ နေမကောင်းဖြစ်ခဲပြီ။

အမေလုပ်သူက ပိုးထည်ဆိုင်ဖွင့်၊ အဖေလုပ်သူက ကုမ္ပဏီသွား၊ အိမ်အကူအဒေါ်ကြီးနဲ့ သူသာကျန်ခဲ့သည် ။

သူအဆင်ပြေပါ့မလား ဘယ်သားသမီးမဆို နေမကောင်းတဲ့ အချိန် မိဘရဲ့ နွေးထွေးမှုကို လိုချင်တာပဲလေ။ သူရော လိုချင်နေမှာ ပေါ့။ အဆင်ပြေပါ့မလား။ ဆေးရောသောက်ရဲ့ လား ...
စိုးရိမ်မှု မေးခွန်းပေါင်းသောင်းခြောက်ထောင်သည် ဦးနှောက်ထဲမှ တစ်ခုပြီးတစ်ခု ပေါ် လာလေသည် ။ ထို့ကြောင့် စက်ဘီးလေးနဲ့ သူ့စီသွားခဲ့သည် ။

" အဒေါ် ... ရဲသီဟနိုင်ရော သက်သာရဲ့ လား"

"အဒေါ်သွားမေးတော့ သက်သာတယ်တဲ့ အခန်းထဲမှာ တော့ လှဲနေတယ်"

"သူ မနက်စာ စားပြီးပြီလား "

"နိုးတာ က ဇနာရီလောက်မှာ နိုးတာ အဒေါ်မေးတော့ မစားချင်သေးဘူးတဲ့ အန်လိမ့်မယ်တဲ့ စားချင်စိတ်ရှိရင် ဆင်းလာခဲ့မယ်တဲ့ "

"ဟာ အဲကောင်ကလေ တကယ် ခေါင်းမာတယ် ... အခုသား ဆန်ပြုတ် ယူလာတယ် သားတိုက်လိုက်မယ်"

"အေး အေး အဲဒါဆို အဒေါ်လုပ်စရာရှိတာ လုပ်လိုက်ဦးမယ်နော်"

"ဟုတ် "

ဆန်ပြုတ် ပန်းကန်လေးရယ် ရေကျက်အေးလေးရယ်ယူပြီး သူ့အခန်းထဲသို့ သွားခဲ့ပြီး

"ပြောတော့ နိုးပြီဆို ပြန်အိပ်သွားတာလား ... သီဟ သီဟ ..."

အိပ်ပျော်နေတာပဲ အိပ်ပါစေလေဆိုပြီး ဆန်ပြုတ်ပန်းကန်လေးကို ဘေးမှာ ချပြီး နဖူးကို ကိုယ်ပူစမ်းကြည့်တော့ ကိုယ်ပူနေသေးတယ် အဖျားမကျသေးတာလား၊ အစကတော့ ကိုယ်ပူစမ်းတာပါပဲ နောက်မှ ကိုယ့်လက်က ဘယ်အချိန် သူပါးပေါ် ရောက်သွားမှန်းမသိ

ထို့နောက် နှာခေါင်းလေးကိုထိမိသည်။ ထိုနောက် နှုတ်ခမ်းလေးကို ထိမိသည် ။ ထိုအချိန်၌ သူနိုး လာပြီး ကျွန်တော်လက်ကို လှမ်းကိုင်လိုက်သည်။

"အိပ်နေတုန်း အခွင့်အရေးယူတယ်ပေ့ါလေ"

" ငါလှုပ်လိုက်လို့ နိုးသွားတာလား"

"ဆိုပါတော့ မင်းငါ့ကုတင်ပေါ် ထိုင်လိုက်တည်းက "

"sorry နော် ငါ့ကြောင့် နိုးသွားလို့ "

"ရပါတယ် ဘာလို့ sorryလို့ ပြောတာလဲ ငါက အပြစ်တင်နေလို့လား ... အပြစ်မတင်ချင်တဲ့ အပြင် ငါကဒီအခိုက်အတန့်လေးကို သဘောကျနေသေးတာ"

"ဘာကို ..."

"မင်း ငါ့မျက်နှာကို ထိတွေ့နေတာလေးကိုလေ"

သူဖျားတာလား ကိုယ်ဖျားတာလား မသဲကွဲတော့ ... အခုချိန် သူနဲ့ ကျွန်တော်ကို ကိုယ်ပူချိန်တိုင်းရင် ကျွန်တော်က ပိုပူနေဟန်ရှိသည်။ အရှက်ပိုတက်တဲ့ မိမိကိုယ်ပင် အပြစ်တင်မိသည်။

"မင်း ... မနက်က ဘာမှ မစားရသေးဘူးဆို"

"အင်း"

"အခုငါ ဆန်ပြုတ်ယူလာတယ် သောက်လိုက် ပြီးရင် ဆေးသောက်ရမယ် ရော့ ဒီမှာ ဆန်ပြုတ်"

"ဟိုနေ့က ချော်လဲထားလို့ ညာဘက်လက်နာနေတယ်"

"ဘယ်ဘက်လက်နဲ့ စား"

"ငါက ဘယ်သန်မှ မဟုတ်တာ"

"အဲဒါဆိုနေဦး အဒေါ်ကြီးသွားခေါ်လိုက်မယ်"

လူက ပူထူနေတာမို့ ရှိသမျှ အကုန်လွှဲချနေသည်။

"မင်းအားနေတာပဲလေ သူငယ်ချင်း အချင်းချင်းကို ပြု ငြင်တာလား"

"ဟွန်း ... ပေး ပေး ပါးစပ်ဟ အာ ..."

ဟမ် ငါဘာလုပ်မိတာပါလိမ့် အဲဒီလိုလုပ်ပြီးကျွေးရအောင် သူက ကလေးမှ မဟုတ်တာကြီး ရှက်လိုက်တာ ... သူကြည့်တော့ ပြုံးစိစိနဲ့ သေလိုက်ပါတော့ သက်ပိုင်မှူးရယ် ...

"ငါက ကလေးလား"

"ယောင်သွားလို့ ကွာ"

"မင်းပြုတ်ထားတာလား ဒါက"

"အင်း မင်းခံတွင်းတွေ့ရဲ့ လား"

"အင်း စားလို့ ကောင်းတယ်"

"တော်ပါသေးရဲ့ ငါက မင်း စားမကောင်းမှာ စိုးရိမ်နေတာ"

"ကျေးဇူးပဲနော် ငါ့ကိုဂရုစိုက်ပေးလို့ "

သူ့အဒေါ်ဆိုင်ကိုလည်း ကူပေးရ ညကျလို့ သူ့အဖေပြန်လာရင်လည်း နင်းပေး နှိမ့်ပေးရ အိမ်ကိစ္စတွေလည်း ဝိုင်းလုပ်ရနဲ့ မအားတဲ့ ကြားထဲ ကျွန်တော့်ကို ဂရုတစိုက်ပြုစုပေးတဲ့ သူ၊ တကယ်ကျေးဇူးတင်ပါတယ်။

ဒီနေ့တော့ မင်းငါ့နားမှာ ပဲ နေပေးပါလား မင်းရှိနေရင် ရောဂါတဝက်လောက်က သက်သာနေသလိုပဲ

"သက်ပိုင် ငါချမ်းနေတယ်"

"ဟမ် ဟုတ်လား ဆေးသောက်ထားတာပဲ မသက်သာဘူးလား ဆရာဝန်ခေါ်ရမလား ငါဘာလုပ်ပေးရမလဲ"

"ရတယ် အဲလောက် မလိုဘူး မင်းဒီနားလာ"

သူအနားရောက်လာတော့ သူ့လက်ကို လှမ်းဆွဲပြီး လဲကျလာတဲ့ သူ့ကိုယ်လုံးကို ဆွဲယူက ကျွန်တော့် ရင်ခွင်ထဲ ထည့်ထားမိသည် ။

"သီဟ ဘာလုပ်တာလဲ ဖယ် ..."

ရုန်းနေတဲ့ သူ့ကိုအတင်းဖတ်ထားမိသည်

"ငြိမ်ငြိမ်နေလေ ငါချမ်းနေလို့ ဖတ်ထားချင်လို့ ဟာကို ဖျားနေတဲ့ သူ့ကို မသနားဘူးလား ဟင်"

"ဖျားတဲ့ သူက ငါ့ကိုဆောင့်ဆွဲဖို့ အင်အားတွေတော့ ရှိသေးသားပဲနော်"

"နွေးနေတာပဲ"

ဖျားနေတယ်ဆိုတာနဲ့ အခွင့်ကောင်းယူပြီး သူ့ကိုဖက်ထားမိတယ် မသိမသာလေး သူ့ဆံပင်လေးတွေကို ခိုးပြီး နမ်းရှိုက်မိပြန်တယ်။

ထိုအခိုက်တန့်လေးကို သိမ်းထားချင်မိသည် ။

ဒီခံစားမှုဟာ ငါတစ်ဦးတည်းဖြစ်နေတာလားသက်ပိုင် ...

***